မာတိကာ

သမိုင်း အစ
ကျွန်းစုကြီး ၁
အခန်း ၁။ ရှေးလူပုကလေးများမှသည်
ဟိန္ဒူ ယဉ်ကျေးမှုဆီသို့
သမိုင်းမတင်မီ ခေတ်မှ
အိန္ဒိယ ယဉ်ကျေးမှုခေတ် အထိ ၇
အခန်း ၂။ စိတ်ကူးယဉ် အင်ပါယာများ
ဟိန္ဒူ - ဗုဒ္ဓဘာသာ ဂျာဗား ၃၃
အခန်း ၃။ သူတော်စင်များနှင့် အောင်နိုင်သူများ
အစ္စလာမ် ဘာသာ ရောက်ရှိလာခြင်း ၆၄
အခန်း ၄။ ဟင်းခတ် အမွှေးအကြိုင် အတွက်
ကျူးကျော်လာသူများ
ဥရောပသားများ ရောက်ရှိလာခြင်း ၉၁
အခန်း ၅။ ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း
ကုမ္ပဏီမှသည် အင်ပါယာ အဖြစ်သို့ ၁၂၂
အခန်း ၆။ ငြိမ်းချမ်းရေးနှင့် ဥပဒေ စိုးမိုးရေး
ဒတ်ချ် အရှေ့အိန္ဒိယ ကုမ္ပဏီ ၁၅၈
အခန်း ၇။ ရဲရင့် ကမ္ဘာသစ်
အမျိုးသားရေး ဝါဒ နိုးထလာခြင်း ၁၉၄
အခန်း ၈။ လွတ်လပ်ရေး ရရင်ရ မရရင် အသေခံချ
စစ်နှင့် တော်လှန်ရေး ၂၂၆
အခန်း ၉။ အန္တရာယ် နှစ်များ
ဆူကာနိုခေတ် ၂၅၇
အခန်း ၁၀။ ပုံစံသစ် အစိုးရ
ဆူဟာတို၊ အရေးအခင်းများ၊ ပြုပြင် ပြောင်းလဲမှု ၂၉၂
နိဂုံး ရှေ့သို့ ချီနေသော အင်ဒိုနီးရှား ၃၃၅

ဘာသာပြန်သူ အမှာ

(က)

စာအုပ်ကို မူရင်း ရေးသားသူ တင် ဟန်နီဂန်က သည်စာအုပ်ကို ပညာရပ်မဆန်စေဘဲ အင်ဒိုနီးရှား ကျွန်းစုကြီး အကြောင်းကို သာမန် စာဖတ်သူတွေ အလွယ်တကူ နားလည် သဘောပေါက်အောင် ပြုစု ရေးသားထားသည်ဟု ဆိုပါသည်။

သည်စာအုပ် ရေးဖြစ်ပုံ အကြောင်းကို စာအုပ် မိတ်ဆက် ကဏ္ဍမှာ သူက ရေးသားခဲ့သည်။ ဟန်နီဂန်က လူငယ် ကမ္ဘာလှည့် ခရီးသည် အဖြစ်ဖြင့် အင်ဒိုနီးရှားသို့ သွားရောက်ခဲ့သည်။ ထို့အရင် တစ်နှစ်က အိန္ဒိယသို့ သူ ရောက်ခဲ့စဉ် အိန္ဒိယ၏ အတိတ် အကြောင်းကို ခရီးသွား စာပေများ၊ သတင်းစာဆရာများ၏ မှတ်တမ်းများမှ တစ်ဆင့် ပေါ့ပေါ့ပါးပါး လေ့လာဖတ်ရှုခဲ့ရသည်။ အိန္ဒိယ၏ လွတ်လပ်ရေး ကြိုးပမ်းမှု အကြောင်းကို ဆိုလျှင်လည်း လျှို့ဝှက်သည်းဖို ဝတ္ထု တစ်ပုဒ်လိုပင် ဖတ်ခဲ့ရသည်။

အင်ဒိုနီးရှားမှာလည်း ယင်း၏ သမိုင်း ဖြစ်စဉ်ကို ထိုကဲ့သို့ ရေးသား မှတ်တမ်း တင်ထားသည့် စာအုပ် စာစောင်များ ရှိမှာပဲ ဆိုပြီး သူက ရှာဖွေခဲ့သည်။ ဘာလီကို စရောက်တော့ စာအုပ်ဆိုင်က စင်များပေါ်မှာ အင်ဒိုနီးရှား အကြောင်း စာအုပ်တွေ တစ်လှေကြီး တွေ့လိုက်ရသော အခါ သူ အတော် အားတက်သွားသည်။

သို့သော် သူ မျှော်လင့်ထားသော စာအုပ်မျိုးကို မတွေ့ရကား အတော်ပင် စိတ်ပျက်သွားသည်။ အဲသည်မှာ ရှိသည့် စာအုပ်များက လူမှုရေးဗေဒမှသည် မနုဿဗေဒ အထိ ဘာသာရပ် ပေါင်းစုံ ဖြစ်သော်ငြား ပညာရပ် ဆန်လွန်းနေသည်။ လေးလွန်းနေသည်။

သို့ဖြင့် သည်ကွက်လပ်ကို ဖြည့်ဆည်းဖို့ရာ သူက ယခု စာအုပ်ကို ရေးသား ပြုစုခဲ့တာဟု ဆိုပါသည်။

(ခ)

အင်ဒိုနီးရှား၏ သမိုင်း ဖြစ်စဉ် စာအုပ်က သည်ကျွန်းစု နိုင်ငံကြီး၏ အတိတ်ကို ယူ၍ ယင်း၏ ဇာတ်လမ်းကို သီကုံးထားခြင်း ဖြစ်ပါသည်။

သမိုင်း ပညာရှင်များ အတွက်မူ ရက်စွဲများ၊ စစ်ပွဲများနှင့် မင်းများ အကြောင်းထက် သမိုင်း ဖြစ်ရပ်များ၊ ယင်းတို့၏ သက်ရောက်မှုများမှ တစ်ဆင့် ပို၍ နက်နက်ရှိုင်းရှိုင်း နားလည် သဘောပေါက်ရန်ကို အလေးထားပါသည်။

သို့သော် သာမန် စာဖတ်သူ တစ်ဦး အတွက်မူ သမိုင်း၏ အကြောင်းအရာများကို အရင် သိထားရန် လိုသည်ဟု ဟန်နီဂန်က ခံယူသည်။ ထို့ကြောင့်ပင် သည်စာအုပ်၌ ရက်စွဲများ၊ စစ်ပွဲများနှင့် မင်းများ အကြောင်းကို သူက ထည့်သွင်း ရေးသားခဲ့သည်။ ထို့ပြင် ကုန်သည်များ၊ သာသနာပြုများ၊ စစ်သားများ၊ တော်လှန်ရေးသမားများ၊ မီးတောင်များ၊ ပင်လယ်ကျော်ဖြတ် သွားလာပုံများနှင့် ကျားများ အကြောင်းကိုလည်း ရေးသားထားသည်။

တရုတ် ဗုဒ္ဓဘာသာ ဘုန်းကြီးမှ အစ၊ မော်ရိကို လူမျိုး စွန့်စားသွားလာသူနှင့် ဗြိတိသျှ စူးစမ်း ရှာဖွေသူတို့ အလယ်၊ အမေရိကန် တိုးရစ်အဆုံး ရာစုနှစ်များ တစ်လျှောက် ခရီးသွား လူမျိုးစုံ၏ အတွေ့အကြုံနှင့် အတွေးအမြင်များကို ဟန်နီဂန်က အလေးပေး ဖော်ပြထားပါသည်။

သူတို့၏ ရေးသားမှုများက အသွေး အရောင် စုံသလို ရံဖန်ရံခါမှာ ပြုံးချင် ရယ်ချင်စရာလည်း ကောင်းသည်ဟု သူက ပြောပါသည်။

(ဂ)

ဘဝတက္ကသိုလ် စာအုပ်တိုက် ပိုင်ရှင် ကိုနေဝင်းက သည်စာအုပ်ကို ဖတ်ကြည့်ဖို့ ပေးလိုက်စဉ် အခါက အင်ဒိုနီးရှား သမိုင်းသည် သည်လောက် စိတ်ဝင်စားစရာ ကောင်းပါ့မလားဟု စိတ်ထဲ ထင့်ခဲ့မိသည်။ သို့သော် ဖတ်ကြည့်လိုက်သော အခါ အစ စာမျက်နှာ တစ်မျက်နှာ၊ နှစ်မျက်နှာ ဖတ်ပြီးသည့် နောက်တွင် စွဲသွားတော့သည်။

သူ့စာအုပ်က သမိုင်း စာအုပ်ကို ဖတ်နေရသည်နှင့် မတူ၊ ဖြစ်ရပ်မှန်ဝတ္ထု တစ်ပုဒ်ကို ဖတ်နေရသလိုမျိုး ဖြစ်နေပါသည်။

ဖတ်ရင်းနှင့် အင်ဒိုနီးရှား၏ သမိုင်း ဖြစ်စဉ် ကြီးကျယ် ခမ်းနားပုံကို ကျွန်တော် မအံ့သြမိဘဲ မနေနိုင်အောင် ဖြစ်ရသည်။

သည်နိုင်ငံသည် ရှေးအတီတေ ကာလကပင် ကမ္ဘာကြီးနှင့် ကူးလူးဆက်ဆံခဲ့သည်။ ကမ္ဘာကြီးထံမှ ယဉ်ကျေးမှု၊ ကုန်သွယ်မှု၊ စာပေ၊ ဘာသာစကား၊ ဘာသာတရား၊ လူမျိုးခြား အားလုံးကို စုပ်ယူခဲ့သည်။ အဲသည် အကြောင်း သမိုင်း မှတ်တမ်းများကလည်း တုတ်ထမ်း ဓားထမ်း ပြောရသည့် ပါးစပ် ရာဇဝင် စကားများ မဟုတ်မူဘဲ မှတ်တမ်းမှတ်ရာနှင့် ရှိနေသည်။

ခရစ်နှစ် ၇၆၀ ဝန်းကျင်ကပင် ကမ္ဘာ့ကျော် ဗောရောဗုဓော စေတီကြီး တည်ဆောက်ရေး စီမံကိန်း စတင်ခဲ့သည်ကိုသာ ကြည့်တော့။ ထိုစေတီကြီး၏ ဗိသုကာ လက်ရာက ယနေ့တိုင် အံ့ချီးမကုန်နိုင်။

အစ္စလာမ်သည် လူများစု ကိုးကွယ်ရာ ဘာသာတရား ဖြစ်မလာခင်မှာ ထိုဒေသရှိ လူများက သီဝ၊ ဗိဿနိုးနှင့် ဗုဒ္ဓတို့ကို ဆည်းကပ်ကိုးကွယ်ခဲ့သည်။

သည်နေရာမှာ ဘာသာတရား တစ်ခုက နောက် ဘာသာတရား တစ်ခု အပေါ် 'အနိုင်အထက်' လွှမ်းမိုး ဝါးမျိုသွားသည် ဆိုခြင်းထက် အုပ်စိုးသူများ၏ မင်းဆက် အသစ် တည်ကာ အသစ်က တစ်ဖန် ပြန်စလိုသော စိတ်ဆန္ဒပေါ်မှာ မူတည်ကာ ကိုးကွယ် ယုံကြည်မှုများသည် ငြိမ်းချမ်းစွာပင် တဖြည်းဖြည်း တရွေ့ရွေ့ ပြောင်းလဲ ဖြစ်ထွန်းလာရပုံကို တွေ့ရပါသည်။

(ဃ)

ကျွန်တော် ဘာသာပြန်ဆိုသော အခါ အင်ဒိုနီးရှား၏ သမိုင်းက ကျွန်တော့်အတွက် စိမ်းနေပါတော့သည်။ ပထဝီနှင့် လူပုဂ္ဂိုလ် အမည်နာမတွေက လုံးဝ မရင်းနှီး။ ဖြစ်စဉ် ဖြစ်ရပ်တွေနှင့်လည်း လုံးဝ မကျွမ်းဝင်။

သို့သော် တင် ဟန်နီဂန်က ပြောထားသလိုပင် သူ့စာအုပ်ကို ကျွန်တော်က စွဲနေမိပြီ။ မကြာမတင်မှာပင် အင်ဒိုနီးရှား၏ သမိုင်း ရေစီးထဲဝယ် စီးမျော လိုက်ပါမိလျက်သား ဖြစ်နေတော့သည်။

ကျွန်တော့် ဘာသာပြန်တွင် လူနာမည်များ၊ ပထဝီ အခေါ်အဝေါ်များနှင့် တခြား နာမည်နာမများကို တတ်နိုင်သလောက် မူရင်း အသံထွက်များနှင့် အနီးစပ်ဆုံး ဖြစ်ရအောင် ကြိုးစား ရှာဖွေ ပြန်ဆိုထားပါသည်။

မြန်မာ့ စွယ်စုံကျမ်းများ၊ မြန်မာနိုင်ငံ သမိုင်း ကော်မရှင်ထုတ် သုတေသန စာစောင်များနှင့် အထူးသဖြင့် အင်ဒိုနီးရှား၊ ပေါ်တူဂီနှင့် ဒတ်ချ် အသံထွက်များကို အင်တာနက်ပေါ်ရှိ သက်ဆိုင်ရာ အသံထွက် ဝက်ဆိုက်များမှ ရှာဖွေ ရယူထားပါသည်။ အကယ်၍ ချွတ်ချော်မှုများ ရှိခဲ့သော် ကျွန်တော်၏ အားနည်းချက်ပင် ဖြစ်ပါလိမ့်မည်။

ယခု လောလောဆယ် အတွက်မူ အင်ဒိုနီးရှား ကျွန်းစုကြီး၏ ခမ်းနားထည်ဝါသော သမိုင်း ဖြစ်စဉ် ဇာတ်လမ်းကို ဆက်လက် ဖတ်ရှုကြပါကုန်။

ထင်အောင်ကျော်
အောက်တိုဘာ ၂၇၊ ၂၀၂၂။